# WHOLISTIC YOUTH MINISTRY

# လုံးဝဥဿုံ လူငယ်သာသနာ

**ဗဟုသုတ သဘောထား လုပ်ဆောင်ခြင်း**

ဤသင်ခန်းစာကို တက်ရောက်ပြီးစီးပါက သင်တန်းတက်ရောက်သူများ လုပ်ဆောင်လာနိုင်မည်မှာ-

၁. လုံးဝဥဿုံ သာသနာအကြောင်းကို ဖော်ပြလာနိုင်မည်။

၂. လူငယ်ဘဝမှာ အဓိကအဖြစ် ပတ်သက်နေသည့် အတွင်း၊အပြင် အကြောင်းရင်း အချို့ကို သိနိုင်လာလိမ့်မည်။

၃. လူငယ်သာသနာမှာ လုံးဝဥဿုံဗျူဟာကို အကောင်အထည်ဖော်နိုင်မည့် လက်တွေ့ကျသော နည်းလမ်းများကို အတည်ပြုလာနိုင်လိမ့်မည်။

**ခြုံငုံအမြင်**

ဤသင်ခန်းစာကို *မျှော်လင့်ခြင်းလူငယ်* အဖွဲ့မှပုံနှိပ်ထားဝေထားသည့် *လူငယ်ခေါင်းဆောင်မှုသာသနာ သင်တန်း* မှ ကောက်နုတ်ထားခြင်းဖြစ်သည်။ မျှော်လင့်ခြင်းလူငယ်အဖွဲ့သည် လူငယ်များ၏ လုံးဝဥဿုံလိုအပ်ချက်များကို အသင်းတော်အားတစ်ဆင့် အားဖြည့်ပေးခြင်းဖြင့် ပြည့်စုံစေပြီး ကမ္ဘာတစ်ဝှမ်းရှိလူငယ်များ၏အသက်တာကို ပြောင်းလဲစေဖို့ တည်ရှိနေခြင်းဖြစ်ပါသည်။

**သင်ထောက်ကူ**

- ပိုစတာအရွယ်စာရွက်၊ မာကာပဲန်၊ ကော်တိတ်
- အစပျိုးခြင်း- *ချန်ဒီ ဇာတ်လမ်း* (အဖွဲ့ငယ်တွေကို ဝေပေးဖို့ သုံးလေးစုံ မိတ္တူပွားထားပါ)။
- ပုံကားချပ်- *လူငယ်တစ်ဦး၏ အသက်တာကို လူငယ်သာသနာက ဘယ်လို သက်ရောက်မှုရှိစေနိုင်မလဲ။*
- မှတ်စုစာရွက်- လေ့ကျင့်စာရွက်- *အတွင်းနှင့်အပြင် အကြောင်းအရာများ*
- အခြားသင်ထောက်ကူများ

**သင်ခန်းစာ** ၁ နာရီ

**အစပျိုးခြင်း** (၅ မိနစ်)
လမ်းညွှန်- ချန်ဒီ ဇာတ်လမ်းကို ဖတ်ပါ

ချန်ဒီ (Chandi ) က အသက် ၁၄ နှစ်ရှိပြီး အိန္ဒိယနိုင်ငံက ရွာလေးတစ်ရွာမှာ နေထိုင်ပါတယ်။ သူမက ကလေး ငါးယောက်ထဲမှာ အသက်အကြီးဆုံးဖြစ်ပါတယ်။ သူမရဲ့ မိဘတွေက မိသားစု စားဝတ်နေရေးအတွက် ရုန်းကန်နေရပြီး နေ့တိုင်းလိုလို အဆင်မပြေမှုများစွာ ကြုံတွေ့နေရပါတယ်။ ချန်ဒီက ကျောင်းမှာ ထူးချွန်ပါတယ်။ အထူးသဖြင့် သင်္ချာနဲ့ သိပ္ပံဘာသာရပ်တွေမှာ တော်ပါတယ်။ သူမမှာ အင်ဂျင်နီယာတစ်ယောက်ဖြစ်လာဖို့ ရည်မှန်းချက်ရှိပြီး သူတို့ ရွာမှာတွေ့ကြုံနေရတဲ့ ရေမသန့်ရှင်းမှုနဲ့ လျှပ်စစ်မီးမရှိမှု ပြဿနာကို ဖြေရှင်းဖို့ ဆန္ဒရှိနေပါတယ်။ သို့ပေမယ့် သူမက ပညာရေးစားရိတ်မတတ်နိုင်တာကြောင့် ကျောင်းဆက်မတက်နိုင်ဘဲဖြစ်နေခဲ့ပါတယ်။ မိဘတွေကလည်း ချန်ဒီကို

အသင်းတော်မှ လူငယ်အဖွဲ့ တွေနဲ့ အချိန်ဖြုန်းနေတာမျိုး မလုပ်စေချင်ဘူး။ ချန်ဒီက ဒီလိုကိစ္စရပ်တွေကြောင့် အလွန်စိတ်ပျက်ပြီး မြို့ ပြကြီးတွေမှာ ထွက်ပြေးသွားချင်တဲ့အကြောင်း သူငယ်ချင်းတွေကို ပြောခဲ့ပါတယ်။

**Source:** YouthHOPE, 2015

(က) SHO မေးခွန်းများ (အကျဉ်းမှုဖြစ်။ နောက်သင်ခန်းစာမှာ အသေးစိတ်လေ့လာနိုင်မှာဖြစ်တယ်)

၁. သင်ဘာတွေ့ ခဲ့ရသလဲ။

၂. ဘာတွေဖြစ်ပျက်နေသလဲ။

၃. ကိုယ်တို့ ပတ်ဝန်းကျင်မှာ ဒီအဖြစ်မျိုးရှိနေသလား။

---

**ချန်ဒီ ဇာတ်လမ်း** (၂၀ မိနစ်)

လမ်းညွှန်- ချန်ဒီ ဇာတ်လမ်းကို ဆွေးနွေးဖို့ အဖွဲ့ ငယ်များခွဲပါ (တစ်ဖွဲ့ စီကို မိတ္တူတစ်ရွက်စီပေးပါ)။

အောက်ပါမေးခွန်းများကို ဖြေဆိုပါ-

(က) ချန်ဒီ၏ဘဝထဲမှ ပြဿနာတွေကို အတည်ပြုပါ။

၁. သူမရဲ့ မိသားစုက စားဝတ်နေရေးအတွက် ရုန်းကန်နေရတယ်။

၂. သူမက အင်ဂျင်နီယာ တစ်ဦးဖြစ်လာချင်တယ်။

၃. သို့ ပေမယ့် ကျောင်းစာရိတ်က အရမ်းများနေတယ်။

၄. သူမရဲ့ မိဘတွေကလည်း သူမကို အသင်းတော်မှ လူငယ်အဖွဲ့ တွေနဲ့ အချိန်ဖြုန်းနေတာမကြိုက်ပြန်ဘူး။

(ခ) ချန်ဒီမှာ ဘာအရည်အချင်းတွေရှိလဲ။

၁. အရည်ချင်းတွေ၊ စွမ်းအင်တွေရှိတယ်

၂. အထူးသဖြင့် သင်္ချာနဲ့ သိပ္ပံမှာ ထူးချွန်တဲ့ ကျောင်းသူဖြစ်တယ်

၃. ရွာရဲ့အခက်အခဲဖြစ်တဲ့ ရေနဲ့ လျှပ်စစ်မီးပြဿနာကို ဖြေရှင်းဖို့ သူမ အင်ဂျင်နီယာတစ်ဦးဖြစ်ချင်တယ်။

၄. သူမက လူငယ်အဖွဲ့ မှာလည်း တက်တက်ကြွကြွပါဝင်တယ်။

(ဂ) ချန်ဒီ တွေ့ ကြုံရတဲ့ ပြဿနာမျိုးတွေကို အသင်းတော်က ပါဝင်ဖြေရှင်းပေးသင့်ပါသလား၊ မပေးသင့်ဘူးလား။ ဘာကြောင့်လဲ။

၁. ဖြေရှင်းပေးသင့်ပါတယ်။ အသင်းတော်ဆိုတာ သူတစ်ဦးရဲ့ လိုအပ်ချက်အားလုံးကို ဇဟိုပြုတဲ့ လုံးဝဥဿုံသာသနာမျိုး ဆောင်ရွက်ဖို့ လိုပါတယ်။

၂. ယေရှုခရစ်တော်က လူသားတွေရဲ့ လိုအပ်ချက်တွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။

၃. အသင်းတော်ကလည်း လူ့ ဘဝရဲ့ နယ်ပယ်အားလုံးမှာ ပါဝင်ပတ်သက်နေသင့်ပါတယ်။

(ဃ) ချန်ဒီ တွေ့ ကြုံနေတဲ့ ပြဿနာတွေနဲ့ ပတ်သက်ပြီး လူငယ်အဖွဲ့ သို့ မဟုတ် အသင်းတော်က ဆောင်ရွက်ပေးနိုင်မယ့် နည်းလမ်းအချို့ ကို စဉ်းစားကြည့်ပါ။

၁. လက်တွေ့ ကျွမ်းကျင်မှု သင်တန်းများပေး။

၂. ဝင်ငွေရဖို့ အသေးစား စီးပွါးရေးဆောင်ရွက်။

၃. ဒါမှမဟုတ်၊ ချန်ဒီကို သူမစိတ်ဝင်စားပြီး ကျွမ်းကျင်တဲ့ အချိန်ပိုင်းအလုပ်တစ်ခု ရှာကူပေး။
၄. အသင်းတော်မှ ယုံကြည်သူမိသားစုတစ်ခုက ချန်ဒီကို ကျောင်းစာရိတ်ထောက်ပံ့ပေးနိုင်။
၅. လူငယ်အဖွဲ့က ငွေရလာအောင် အစီအစဉ်ရေးဆွဲပေး။
၆. သူမရဲ့ မိဘတွေကို ပိုခင်လာအောင်လုပ်- သတင်းကောင်းဝေငှတာမျိုးလုပ်
၇. ချိန်ဒီနဲ့ အခြား လူငယ်တွေကို အများအကျိုးဆောင် စီမံကိန်းတွေမှာ ပိုမိုပါဝင်လာအောင် အားပေး။

---

<u>**လုံးဝဉဿုံ သာသနာ**</u> (၁၀ မိနစ်)
လမ်းညွှန်- အဖွဲ့ကြီးထဲမှာ လုပ်ဆောင်ပါ
(က) *လုံးဝဉဿုံ (Wholistic )* ဆိုတဲ့ စာလုံးကို ကြည့်ပါ။ လုံးဝဉဿုံ သာသနာဆိုတာ ဘာလဲ။
၁. လုံးဝဉဿုံ သာသနာက လူတစ်ဦးလုံးနဲ့ ပတ်သက်ဖြေရှင်းတာမျိုးဖြစ်ပါတယ်။
၂. တစ်စိတ်တစ်ပိုင်းမျှသာ ခွဲပြီးဖြေရှင်းတာမျိုးမဟုတ်ပါ။

(ခ) လုကာ ၂း၅၂ ကို ဖတ်ပါ။ ခရစ်တော်က ဘယ်နည်းဘယ်ပုံ ကြီးထွားလာခဲ့သလဲ။ ဒီအရာတွေကို သင့်ကိုယ်ပိုင်စာလုံးတွေနဲ့ ရှင်းပြပါ။
၁. ဉာဏ်ပညာ- ပညာနဲ့ နားလည်မှုထဲမှာ၊ ပညာရှိရှိဆုံးဖြတ်ချက်ချနိုင်မှု။
၂. ကိုယ်ကြီးထွားမှု - အရပ်အမောင်း၊ ခွန်အား၊ ကိုယ်ကာယဆိုင်ရာ
၃. ဘုရားသခင်နဲ့ ဆက်ဆံရေးထဲမှာ
၄. လူတွေနဲ့ ဆက်ဆံရေးထဲမှာ

(ဂ) ကျွန်တော်တို့ ပြောခဲ့သလိုဘဲ လူငယ်သာသနာဆိုတာ လူငယ်တွေကို ခရစ်တော်နှင့်တူအောင်အသက်ရှင်နိုင်ရန် ကူညီပေးဖို့ ဖြစ်ပါတယ်။ ဒါဟာ တနင်္ဂနွေနေ့ တွေမှာ၊ ဘုရားကျောင်းထဲမှာ သို့ မဟုတ် ဝိညာဉ်ရေးဆိုင်ရာတွေမှာသာ ဆိုလိုတာလား။
၁. မဟုတ်ပါ။ ကျွန်တော်တို့က ဘဝနယ်ပယ်တိုင်းမှာ ပါဝင်ပတ်သက်ဖို့ အလိုရှိပါတယ်။
၂. လူငယ်တွေမှာ လိုအပ်ချက်တွေ ပုံစံမျိုးစုံနဲ့ ရှိနေနိုင်ပါတယ်။
၃. ခရစ်တော်လိုဘဲ လူငယ်တွေဟာ ဘဝနယ်ပယ် များစွာမှာ ကြီးထွားနေကြတာဖြစ်ပါတယ်။
၄. ကျွန်တော်တို့ က လူငယ်တိုင်းကို ဘဝနယ်ပယ်တိုင်းမှာ ခရစ်တော်လို အသက်ရှင်စေချင်ပါတယ်။

(ဃ) သို့ သော် လူငယ်တွေမှာ များစွာသော ကျိုးပဲ့ဆက်ဆံရေးတွေ တွေ့ကြုံကြရတယ်။ ကျိုးပဲ့ သွားနိုင်တဲ့ အချို့ ဆက်ဆံရေးမျိုးက ဘာတွေလဲ။ ဥပမာတွေ ပေးပါ။
၁. ဘုရားသခင်နဲ့ ဆက်ဆံရာမှာ- အမျက်ထွက်မှု၊ မယုံကြည်မှု၊ ဆန့်ကျင်ပုန်ကန်မှု၊ စိတ်မဝင်စားမှု။
၂. မိမိကိုယ်ကို- စိတ်ဓာတ်ကျခြင်း၊ မိမိကိုယ်ကို တန်ဖိုးထားမှုနည်းခြင်း၊ မာန်မာနတက်ခြင်း။
၃. အခြားသူများနဲ့- မိဘ၊မိသားစု၊ သူငယ်ချင်း၊ ချစ်သူ၊ ဆရာသမား၊ အိမ်နီးနားချင်းများ။
၄. ပတ်ဝန်းကျင်နဲ့ - လေထုညစ်ညမ်းမှု၊ အမှိုက်သရိုက်များ၊ သဘာဝဘေး၊ မိုးခေါင်ရေရှား။

(င) လူငယ်တစ်ဦးရဲ့ အသက်တာကို လူငယ်သာသနာက ဘယ်လို သက်ရောက်မှုရှိစေနိုင်မလဲ။ *လူငယ်တစ်ဦးရဲ့ အသက်တာကို လူငယ်သာသနာက ဘယ်လို သက်ရောက်မှုရှိစေနိုင်မလဲ* ဆိုတဲ့ ပုံကားချပ်ကို ပြပါ။

---

၁. လူငယ်တစ်ဦးကို လူငယ်သာသနာက နည်းလမ်းများစွာဖြင့် သက်ရောက်မှုဖြစ်စေနိုင်ပါတယ်။
၂. ဘုရားကျောင်းမှာ
၃. သူတို့ရဲ့ မိသားစုအားဖြင့်
၄. ကျောင်းမှာ
၅. သူတို့၏ သူငယ်ချင်းများဖြင့်
၆. အလုပ်ခွင်မှာ

---

**အတွင်းနှင့် အပြင် အကြောင်းရင်းများ** ( ၂၅ မိနစ်)
လမ်းညွှန်- လူနှစ်ဦး၊ သုံးဦးရှိတဲ့ အဖွဲ့ထဲမှာ လုပ်ဆောင်ပါ ။ အတွင်းနှင့် အပြင် အကြောင်းရင်းများ လေ့ကျင့်စာရွက်ကို အသုံးပြုပြီး ပြဿနာ သို့မဟုတ် လိုအပ်ချက်နှစ်ခု နဲ့ စွမ်းအား သို့မဟုတ် အရည်အသွေး နှစ်မျိုးကို အတည်ပြုပါ။ ပြန်တင်ပြပါ။
အခုတော့ အဖွဲ့ကြီးထဲမှာ ဆွေးနွေးပါ။
(က) သင် အတည်ပြုထားတဲ့ အထဲမှ ပြဿနာ သို့ လိုအပ်ချက် တစ်ခုကို ထုတ်ယူလိုက်ပါ။ လူငယ်သာသနာက ထိုပြဿနာထဲမှာ ဘယ်လို ပါဝင်ပတ်သက်နိုင်မလဲ။
၁. တုံ့ပြန်မှု
၂. တုံ့ပြန်မှု
(ခ) သင်အတည်ပြုထားတဲ့အထဲမှ စွမ်းအား သို့မဟုတ် အရည်အသွေးတစ်မျိုးကို ထုတ်ယူလိုက်ပါ။ ထိုစွမ်းအားအပေါ်မှာ သင်ဘယ်လို တည်ဆောက်နိုင်မလဲ။ ထိုအားကို လူငယ်က သူတို့ရဲ့ မိသားစု၊ သူငယ်ချင်းနဲ့ အသိုင်းအဝိုင်းကို ပြန်တည်ဆောက်ဖို့ ဘယ်လို အသုံးချနိုင်မလဲ။
၁. တုံ့ပြန်မှု
၂. တုံ့ပြန်မှု

---

**နိဂုံးနှင့် ကိုယ့်အတွက် သင်ခန်းစာ** (အချိန်)
လမ်းညွှန်-
(က) ဤသင်ခန်းစာထဲမှာ ကျွန်ုပ်ဘာကို ရှာဖွေတွေ့ရှိခဲ့သလဲ။
(ခ) ဘယ်သူတွေကို မျှဝေပေးရမလဲ။
(ဂ) ဤသင်ခန်းစာမှာ ကျွန်ုပ်တွေ့ရှာတွေ့ခဲ့တဲ့အရာတွေကို ဘယ်လိုအသုံးချမလဲ။
၁. ဘယ်အချိန်။
၂. ဘာတွေဖြစ်လာဖို့ ကျွန်ုပ်မျှော်လင့်ပါသလဲ။
၃. ဖြစ်လာခဲ့ရင် ဘယ်လို သိလာနိုင်မလဲ။
(ဃ) ဆုတောင်းပါ။

---

**References**:

YouthHOPE. 2015. *Youth Ministry Leadership Training.* http://www.youthhope.com/

## လုံးဝဥဿုံ လူငယ်သာသနာ- အစပျိုးခြင်း WHOLISTIC YOUTH MINISTRY – STARTER

*ချန်ဒီ ဇာတ်လမ်း Chandi's Story*

ချန်ဒီ (Chandi ) က အသက် ၁၄ နှစ်ရှိပြီး အိန္ဒိယနိုင်ငံက ရွာလေးတစ်ရွာမှာ နေထိုင်ပါတယ်။ သူမက ကလေး ငါးယောက်ထဲမှာ အသက်အကြီးဆုံးဖြစ်ပါတယ်။ သူမရဲ့မိဘတွေက မိသားစု စားဝတ်နေရေးအတွက် ရုန်းကန်နေရပြီး နေ့တိုင်းလိုလို အဆင်မပြေမှုများစွာ ကြုံတွေ့နေရပါတယ်။ ချန်ဒီက ကျောင်းမှာ ထူးချွန်ပါတယ်။ အထူးသဖြင့် သင်္ချာနဲ့ သိပ္ပံဘာသာရပ်တွေမှာ တော်ပါတယ်။ သူမမှာ အင်ဂျင်နီယာတစ်ယောက်ဖြစ်လာဖို့ ရည်မှန်းချက်ရှိပြီး သူတို့ ရွာမှာတွေ့ကြုံနေရတဲ့ ရေမသန့်ရှင်းမှုနဲ့ လျှပ်စစ်မီးမရှိမှု ပြဿနာကို ဖြေရှင်းဖို့ ဆန္ဒရှိနေပါတယ်။ သို့ပေမယ့် သူမက ပညာရေးစားရိတ်မတတ်နိုင်တာကြောင့် ကျောင်းဆက်မတက်နိုင်ဘဲဖြစ်နေခဲ့ပါတယ်။ မိဘတွေကလည်း ချန်ဒီကို အသင်းတော်မှ လူငယ်အဖွဲ့တွေနဲ့ အချိန်ဖြုန်းနေတာမျိုး မလုပ်စေချင်ဘူး။ ချန်ဒီက ဒီလိုကိစ္စရပ်တွေကြောင့် အလွန်စိတ်ပျက်ပြီး မြို့ပြကြီးတွေမှာ ထွက်ပြေးသွားချင်တဲ့အကြောင်း သူငယ်ချင်းတွေကို ပြောခဲ့ပါတယ်။


- ချန်ဒီ၏ဘဝထဲမှ ပြဿနာတွေကို အတည်ပြုပါ။
- ချန်ဒီမှာ ဘာအရည်အချင်းတွေရှိလဲ။
- ချန်ဒီ တွေ့ကြုံရတဲ့ ပြဿနာမျိုးတွေကို အသင်းတော်က ပါဝင်ဖြေရှင်းပေးသင့်ပါသလား၊ မပေးသင့်ဘူးလား။ ဘာကြောင့်လဲ။
- ချန်ဒီ တွေ့ကြုံနေတဲ့ ပြဿနာတွေနဲ့ ပတ်သက်ပြီး လူငယ်အဖွဲ့ သို့မဟုတ် အသင်းတော်က ဆောင်ရွက်ပေးနိုင်မယ့် နည်းလမ်းအချို့ကို စဉ်းစားကြည့်ပါ။

**Source:** YouthHOPE, 2015

# <u>လုံးဝဥဿုံ လူငယ်သာသနာ-ပုံကားချပ် WHOLISTIC YOUTH MINISTRY – Diagram</u>

*How Can A Youth Ministry Impact The Life Of A Young Person?*

*လူငယ်တစ်ဦး၏ အသက်တာကို လူငယ်သာသနာက ဘယ်လို သက်ရောက်မှုရှိစေနိုင်မလဲ*




## လုံးဝဥဿုံ လူငယ်သာသနာ- လေ့ကျင့်စာရွက်

*အတွင်းနှင့် အပြင် အကြောင်းရင်းများ*

**နယ်ပယ်တစ်ခုစီတိုင်းမှာ ပြဿနာ သို့ မဟုတ် လိုအပ်ချက် နှစ်ခု နှင့် စွမ်းအား သို့ မဟုတ် အရည်အသွေးနှစ်မျိုးကို အတည်ပြုပါ။**

**အပြင် အကြောင်းရင်းများ**




**အတွင်း အကြောင်းရင်းများ**




**Source:** YouthHOPE, 2015